ရက်စွဲ။ 2017 ခုနှစ်၊ မေလ 4 ရက်
အကြောင်းအရာ- ကာကွယ်ဆေးထိုးရန်အတွက် ကျောင်းစည်းကမ်းချက်များ

ပင်ဆယ်ဗေးနီးယားပြည်နယ် ကျန်းမာရေးဌာန (Pennsylvania Department of Health) သည် ကာကွယ်ဆေးထိုးရန်အတွက် ကျောင်းစည်းကမ်းချက်များကို ထုတ်ပြန်ထားပါသည်။ စည်းကမ်းချက်များအား ပြင်ဆင်ချက်များသည် 2017 ခုနှစ်၊ ဩဂုတ်လမှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်ပြီး ကျွန်ုပ်တို့၏ အထက်တန်းကျောင်းသားအားလုံးအပေါ် သက်ရောက်မှု ရှိပါသည်။ ကျွန်ုပ်တို့၏ ကျောင်းသားအများစုသည် အသစ်လိုအပ်သည့် ကာကွယ်ဆေးအားလုံးကို ထိုးထားပြီးဖြစ်သော်လည်း အများစုသည် နောက်ထပ် ကာကွယ်ဆေးများကို ထိုးရန် လိုအပ်နေပါသည်။ အောက်ပါတို့သည် သတ်မှတ်ချက် အသစ်များ ဖြစ်ပါသည်-

အတန်း**အားလုံး**ရှိ ကျောင်းသားများအတွက် လိုအပ်သည်မှာ-

- (တက်တဲနပ်စ်) မေးခိုင်ရောဂါ၊ ဆုံဆို့ရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေး 4 ကြိမ်၊ 4 နှစ်ပြည့်ပြီးနောက် 1 ကြိမ်
- ပိုလီယို ကာကွယ်ဆေး 4 ကြိမ်၊ 4 နှစ်ပြည့်ပြီးနောက် 1 ကြိမ်
- ဝက်သက်၊ ပါးချိတ်ရောင်နာနှင့် ဂျာမန်ဝက်သက် (MMR) ကာကွယ်ဆေး 2 ကြိမ်၊ နှစ်ခုစလုံးကို 1 နှစ်ပြီးပြီးချိန်တွင် ထိုးရမည်
- ဗာရီဆဲလ်လာ (ရေကျောက်) 2 ကြိမ် သို့မဟုတ် ကာကွယ်ဆေးထိုးထားကြောင်း အထောက်အထား၊ နှစ်ခုစလုံးကို 1 နှစ်ပြည့်ပြီးနောက် ထိုးထားရမည်
- အသည်းရောင် ရောဂါ B ကာကွယ်ဆေး 3 ကြိမ်

**7 တန်းမှ 12 တန်းအထိ** ကျောင်းသားများအတွက် ကာကွယ်ဆေးထိုးရန် နောက်ထပ် လိုအပ်ချက်များ

- ဦးနှောက် အမြှေးရောင်၊ သွေးအဆိပ်သင့် (MCV) ကာကွယ်ဆေး 2 ကြိမ်၊ ပထမတစ်ကြိမ်ကို
  - အသက် 11-15 နှစ်အတွင်းနှင့် ဒုတိယအကြိမ်ကို 16 နှစ် (သို့) 12 တန်း တက်ရောက်မည့်အချိန်တွင် ထိုးရမည် ပထမအကြိမ်ကို 16 နှစ်နှင့် အထက်တွင် ထိုးထားလျှင် တစ်ကြိမ်သာ ထိုးရန် လိုသည်
- (တက်တဲနပ်စ်) မေးခိုင်ရောဂါ၊ ဆုံဆို့ရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေး 1 ကြိမ်

2017/2018 အတွက် ကျောင်းဖွင့်ချိန်တွင် ဤကာကွယ်ဆေးအားလုံးကို ကျောင်းသားအားလုံး ထိုးနှံပြီး ဖြစ်မည်ဟု မျှော်လင့်ထားပါသည်။ သို့မဟုတ်ပါက ၎င်းတို့ကို ပြီးအောင်ထိုးနှံရန် ဆရာဝန်၏ အစီအစဉ်ဖြင့် စောင့်ရှောက်မှုကို ခံယူရပါမည်။ ဆောင်းဦးရာသီတွင် ကျောင်းပြန်တက်သည့်အချိန်၌ နောက်ဆုံး ကာကွယ်ဆေးထိုးနှံထားမှု မှတ်တမ်းမိတ္တူကို သူနာပြုထံ ပေးအပ်ပါ။